မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

## စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ (MD & A)

မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ အောက်ဖော်ပြပါ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ (MD & A) အား ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် စစ်ဆေးထားသော ဘဏ္ဍာရေးရှင်းတမ်းနှင့်အတူတွဲ၍ ဖတ်ရှုရန်ဖြစ်ပါသည်။ ဤဘဏ္ဍာရေးရှင်းတမ်းများအား မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံမှုဆိုင်ရာစံသတ်မှတ်ချက်များ (MFRS) နှင့်အညီ ရေးဆွဲထားပါသည်။ MD & A တွင် ပါရှိသော ဘဏ္ဍာရေးအခြေအနေများကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောကာလကို စက်တင်ဘာလမှ မတ်လသို့ ပြောင်းလဲသတ်မှတ်ခဲ့သောကြောင့် ဤ MD & A တွင် ဖော်ပြထားသော ဘဏ္ဍာရေးအခြေအနေများသည် ၆ လ မီနီဘက်ဂျက် (အောက်တိုဘာလ ၂၀၂၁-မတ်လ ၂၀၂၂) ကာလနှင့် ၁ နှစ် ဘက်ဂျက် (ဧပြီလ ၂၀၂၂-မတ်လ ၂၀၂၃) ကာလကို နှိုင်းယှဉ်တင်ပြထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် အောက်ပါ အရှုံးအမြတ်စာရင်းရှင်းတမ်းနှင့် လက်ကျန်ရှင်းတမ်းတွင် ယှဉ်တွဲတင်ပြထားသော ဘဏ္ဍာရေးနှစ် ၂ ခု၏ ရလဒ်များကို နှိုင်းယှဉ်ရာတွင် အလုံးစုံနှိုင်းယှဉ်ရန် ခက်ခဲပါသည်။

## ဘဏ်၏အချက်အလက်များ

မြန်မာနိုင်ငံသားများဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ရက်စွဲပါ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြောင်းကြားစာ အမှတ် - ၂၁/၉၁၊ အထူးကုမ္ပဏီ အက်ဥပဒေ (၁၉၅၀) နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ၁၉၁၄ တို့နှင့်အညီ ၁၉၉၁ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် မှတ်ပုံတင်ထားပြီး အစုရှယ်ယာများနှင့် အများပိုင်ကုမ္ပဏီလီမိတက်တစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ MCB ၏ ကုမ္ပဏီ မှတ်ပုံတင်နံပါတ်မှာ (၁၄၉၁၀၆၉၄၆၆) ဖြစ်ပါသည်။ လိုင်စင်ရ ကူးသန်းရောင်းဝယ်ရေးဘဏ် တစ်ခုဖြစ်ပြီး ၂၆ ဩဂုတ်လ ၂၀၁၆ တွင် YSX ၌ စာရင်းဝင်ခဲ့ပါသည်။ ဘဏ်၏ ခွင့်ပြုမတည်ငွေမှာ ၇၅ ဘီလီယံကျပ် ဖြစ်ပြီး ရှယ်ယာရှင်များမှ ထည့်ဝင်ပြီးမတည်ငွေမှာ ၅၂ ဘီလီယံကျပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ရုံးချုပ်သည် အမှတ် - ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## အရှုံးအမြတ်စာရင်းအချုပ်

ကျပ်သန်းပေါင်း

| အသေးစိတ်ဖော်ပြချက်များ | အချိန်ကာလ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၃ (တစ်နှစ်) (စာရင်းစစ်ပြီး) | ၃၁.၃.၂၀၂၂ (၆ လ) (စာရင်းစစ်ပြီး) | ပမာဏ | % |
| Interest Income | ၄၃,၆၃၀.၄၉ | ၂၂,၈၈၇.၈၅ | ၂၀,၇၄၂.၆၄ | ၉၁% |
| Interest Expense | (၂၉,၀၉၉.၃၅) | (၁၃,၀၇၉.၅၁) | ၁၆,၀၁၉.၈၄ | ၁၂၂% |
| **Net Interest Income** | ၁၄,၅၃၁.၁၄ | ၉,၈၀၈.၃၄ | ၄,၇၂၂.၈၀ | ၄၈% |
| Other Operating Income | ၁,၄၉၄.၆၃ | ၂,၅၅၂.၂၅ | (၁,၀၅၇.၆၂) | -၄၁% |
| **Total Operating Income** | ၁၆,၀၂၅.၇၇ | ၁၂,၃၆၀.၅၉ | ၃,၆၆၅.၁၈ | ၃၀% |
| **Total Operating Expense** | (၁၅,၃၀၁.၅၈) | (၆,၀၁၈.၈၅) | ၉,၂၈၂.၇၃ | ၁၅၄% |
| **Profit before Income Tax** | ၇၂၄.၁၉ | ၆,၃၄၁.၇၄ | (၅,၆၁၇.၅၅) | -၈၉% |
| **Profit after Income Tax** | ၁,၄၅၁.၆၃ | ၅,၀၆၅.၄၂ | (၃,၆၁၃.၇၉) | -၇၁% |

## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## လက်ကျန်ရှင်းတမ်းဖော်ပြချက်အချုပ်

ကျပ်သန်းပေါင်း

| Assets | လက်ကျန်ရှင်းတမ်းအရ | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၃ (စာရင်းစစ်ပြီး) | ၃၁.၃.၂၀၂၂ (စာရင်းစစ်ပြီး) | ပမာဏ | % |
| Cash in Hand & at Bank | ၁၁၂,၁၂၉.၉၂ | ၁၃၁,၇၄၅.၃၆ | (၁၉,၆၁၅.၄၄) | -၁၅% |
| Loans & Advances | ၃၆၃,၉၅၈.၉၄ | ၂၁၅,၃၇၃.၇၉ | ၁၄၈,၅၈၅.၁၅ | ၆၉% |
| Investment | ၁၃၃,၉၉၈.၈၄ | ၂၃၄,၈၃၁.၁၃ | (၁၀၀,၈၃၂.၂၉) | -၄၃% |
| Property & Equipment | ၁၇,၄၅၅.၈၉ | ၁၆,၇၁၆.၈၀ | ၇၃၉.၀၉ | ၄% |
| Intangible Assets | ၄,၀၀၃.၉၈ | ၃,၉၅၁.၇၈ | ၅၂.၂၀ | ၁% |
| Other Assets | ၂၀,၃၀၆.၈၀ | ၂၃,၀၃၂.၁၃ | (၂,၇၂၅.၃၃) | -၁၂% |
| **Total Assets** | ၆၅၁,၈၅၄.၃၇ | ၆၂၅,၆၅၀.၉၉ | ၂၆,၂၀၃.၃၈ | ၄% |

| | | | | |
|---|---|---|---|---|
| **Liabilities** | | | | |
| Deposit from Customer | ၅၂၄,၈၀၄.၂၄ | ၄၉၄,၆၁၇.၇၈ | ၃၀,၁၈၆.၄၆ | ၆% |
| Other Liabilities | ၂၄,၇၆၈.၃၁ | ၂၅,၆၆၂.၄၇ | (၈၉၄.၁၆) | -၃% |
| Borrowings | ၂၉,၇၇၄.၈၅ | ၃၄,၃၁၅.၄၀ | (၄၅၄၀.၅၅) | -၁၃% |
| **Total Liabilities** | **၅၇၉,၃၄၇.၄၀** | **၅၅၄,၅၉၅.၆၅** | **၂၄,၇၅၁.၇၅** | **၄%** |
| **Equity** | | | | |
| Share Capital | ၅၇,၁၂၄.၆၆ | ၅၇,၁၂၄.၆၆ | ၀.၀၀ | ၀% |
| Reserves | ၁၄,၉၀၆.၈၁ | ၁၄,၅၄၃.၉၀ | ၃၆၂.၉၁ | ၂% |
| Retained earnings | ၄၇၅.၅၀ | (၆၁၃.၂၂) | ၁,၀၈၈.၇၂ | ၁၇၈% |
| **Total Equity** | **၇၂,၅၀၆.၉၇** | **၇၁,၀၅၅.၃၄** | **၁,၄၅၁.၆၃** | **၂%** |
| **Total Liabilities & Equity** | **၆၅၁,၈၅၄.၃၇** | **၆၂၅,၆၅၀.၉၉** | **၂၆,၂၀၃.၃၈** | **၄%** |

## လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှု

အထက်ပါ ဘဏ္ဍာရေးအခြေအနေဖော်ပြထားသော ကာလအများစုအတွင်း ငွေအပ်နှံထားသူများသည် ဘဏ်များမှ ၎င်းတို့၏ ငွေများကိုထုတ်ယူရန် အခွင့်အရေးနည်းပါးခဲ့ခြင်းကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေါ်တွင် အထိုက်အလျောက်ယုံကြည်မှု ဆုံးရှုံးခဲ့သည့်အချိန်ကာလဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ MCB ဘဏ်သည် လုံလောက်သည့် ငွေဖြစ်လွယ်မှုကို ထိန်းသိမ်းခြင်းနှင့် ချေးငွေများကို ခိုင်မာလုံခြုံမှုရှိစေရန် အာရုံစိုက် ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း အခက်အခဲများနှင့်အတူ ကုန်ကျစရိတ်များတိုးလာခြင်းကြောင့် အမြတ်ရရှိမှုသည်လည်း ပြီးခဲ့သည့်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပါသည်။ သို့သော်လည်း လုပ်ငန်းပမာဏတိုးတက်လာရန် ချမှတ်ထားသော MCB ဘဏ်၏ မဟာဗျူဟာနှင့်အညီ ချေးငွေနှင့် အပ်ငွေနှစ်ခုစလုံးသည် ပြီးခဲ့သောကာလများနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့ပါသည်။

ဘဏ်အနေဖြင့် မြန်မာနိုင်ငံရှိ ဦးဆောင်ဘဏ်များထဲမှ ဘဏ်တစ်ခုဖြစ်လာစေရေးအတွက် ဘဏ်ဝန်ထမ်းများ၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံနှင့် စနစ်များပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပြု၍ အသွင်ပြောင်းလဲရေးခရီးစဉ်ကို စတင်ခဲ့ပြီဖြစ်ပါသည်။ အသွင်ပြောင်းလဲမှုကြောင့် ထပ်တိုးရင်းနှီးမြှုပ်နှံမှုများနှင့် မဖြစ်မနေ ကုန်ကျမှုများရှိခဲ့သော်လည်း နောင်လာမည့် နှစ်နှစ်တွင် ကနဦးရလဒ်များအား တွေ့မြင်ရတော့မည်ဖြစ်ပါသည်။

**အသားတင်အတိုးရငွေ -** ပြီးခဲ့သည့် ဘဏ္ဍာနှစ်(၆) လတာ ကာလနှင့် နှိုင်းယှဉ်ပါက အတိုးရငွေသည် ၉၁% အထိ တိုးတက်လာပြီး အတိုးပေးငွေသည် ၁၂၂% အထိ သိသိသာသာ တိုးမြင့်လာခဲ့ပါသည်။ အတိုးပေးငွေသည် အတိုးရငွေတိုးတက်ရရှိမှုထက် ပိုမိုများပြားနေခြင်းနှင့်အတူ အသားတင် အတိုးရငွေသည် ၄၈% ပိုမိုရရှိခဲ့ပါသည်။ အတိုးရငွေများ တိုးတက်လာခြင်းသည် အဓိကအားဖြင့် Non-performing Loan များ ပြန်လည်ကောက်ခံရရှိခြင်းနှင့် ချေးငွေအသစ်ထုတ်ချေးမှုများ ကြောင့်ဖြစ်ပါသည်။ အတိုးပေးငွေသည် Cost of Fund များတိုးတက်လာခြင်း၊ အပ်နှံငွေများ တိုးတက်လာခြင်းနှင့် အတိုးနှုန်းမြင့်မားသော အပ်နှံငွေများ (Term Deposit) များကြောင့် အဓိက မြင့်တက်ခဲ့ပါသည်။

**အဖိုးအခနှင့် ကော်မရှင်ခဝင်ငွေများ** - အခြားလုပ်ငန်းဆောင်ရွက်မှုမှ ရရှိသောဝင်ငွေသည် လွန်ခဲ့သော (၆) လတာ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၃၁.၃.၂၀၂၃ ကုန်ဆုံးသော ဘဏ္ဍာနှစ်ကာလတွင် ၄၁% အထိ ကျဆင်းခဲ့ပါသည်။ အဓိက ကျဆင်းရခြင်းမှာ နိုင်ငံခြားငွေလဲနှုန်း ပြောင်းလဲခြင်းကြောင့် နိုင်ငံခြားငွေတန်ဖိုးသင့် အရှုံးကြောင့် ဖြစ်ပါသည်။

**လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များ** - လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များသည် အထွေထွေငွေကြေးဖောင်းပွမှု၊ ဘဏ်ခွဲအရေအတွက် တိုးချဲ့ဖွင့်လှစ်မှု ၊ စီမံခန့်ခွဲသူအသစ်များ ခန့်အပ်ထားမှုနှင့် အခြား HR နှင့်ဆက်စပ်သော ကုန်ကျစရိတ်များကြောင့် တိုးမြင့်လာပါသည်။

**လုပ်ငန်းအရွယ်အစား -** ဘဏ်အရွယ်အစားသည် ယခင်ကာလနှင့် နှိုင်းယှဉ်ပါက လက်ကျန်ရှင်းတမ်း အရ ၄% အထိ တိုးတက်လာပါသည်။ လက်ဝယ်ရှိငွေသားနှင့် ဘဏ်များရှိငွေသည် ၁၅% အထိ ကျဆင်းခဲ့သော်လည်း ချေးငွေများနှင့် ကြိုတင်ထုတ်ချေးငွေများသည် ၆၉% အထိတိုးတက် လာခဲ့ပါသည်။ Treasury Investment များသည် ၄၃% အထိ ကျဆင်းခဲ့ပြီး စုစုပေါင်းအပ်နှံငွေများသည် ၆% အထိ အသီးသီးတိုးတက်ခဲ့ပါသည်။ ၃၁.၃.၂၀၂၃ ကုန်ဆုံးသော ဘဏ္ဍာနှစ်ကာလတွင်လည်း ဘဏ်အနေဖြင့် အမြတ်အစွန်း ရရှိခဲ့မှုကြောင့် အထွေထွေ သီးသန့်လျာထားငွေနှင့် ချန်ထားအမြတ်လည်း တိုးတက်ရရှိခဲ့ပါသည်။

**စည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှု**

မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ဘဏ်တစ်ခု၏ တာဝန်ဝတ္တရားများဖြစ်သော ပြည်သူတို့၏ ငွေကြေးများကိုလက်ခံ၍ ဆုံးရှုံးမှုမရှိစေပဲ ထိရောက်စွာလည်ပတ်စေရန် ယုံကြည်စွာ တာဝန်အပ်နှင်း ခံရသည်ကို ကောင်းစွာသိရှိနားလည်ထားပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မရှိမဖြစ် လိုအပ်သော ချေးငွေနှင့်ကြိုတင်ထုတ်ချေးငွေများကို ထုတ်ပေးခြင်းအားဖြင့် ယင်းငွေကြေးများ

တိုးပွားစေရေးအတွက် မိမိတို့မှ ချင့်မျှော်တွေးဆ၍ လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဘဏ်တစ်ဘဏ်အနေနှင့် Customer များ၏ ယုံကြည်မှုရရှိခြင်းသည် ရေရှည်တည်မြဲသော လုပ်ငန်းဖြစ်ရေးတွင် အဓိကအချက်ဖြစ်ပြီး၊ ထိုကဲ့သို့ယုံကြည်မှုရရှိရန်အတွက် အဓိကအချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) ၏ သတ်မှတ်ချက်များ၊ ဥပဒေများအတိုင်း တသွေမတိမ်း လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်ဟု မိမိတို့အနေဖြင့် ယူဆထားပါသည်။ သို့ဖြစ်ပါ၍ CBM မှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအား အပြည့်အဝ လိုက်နာဆောင်ရွက်ပါကြောင်း မိမိတို့ဘဏ်မှ ဂုဏ်ယူစွာ တင်ပြလိုပါသည်။

CBM ၏ အနည်းဆုံး သတ်မှတ်စံနှုန်းများအပေါ် မိမိတို့ဘဏ်မှ လုံလောက်သော နှုန်းထားများဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းသော၊ ငွေဖြစ်လွယ်သော၊ မတည်ရင်းနှီးငွေခိုင်မာသော၊ အနာဂတ်တွင် တိုးတက်မှုဖြစ်ထွန်းသော ဘဏ်တစ်ဘဏ်အဖြစ် ပေါ်လွင်ထင်ရှားစေမည်ဖြစ်ပါသည်။

| **Statutory Ratio** | **လိုအပ်ချက်** | **၃၁.၃.၂၀၂၃ ရက်နေ့ရှိ MCB Ratio** |
|---|---|---|
| Reserve Ratio | အနိမ့်ဆုံး ၃% (MMK)<br>အနိမ့်ဆုံး ၅% (FCY) | ၆.၉၆% (MMK)<br>၂၃.၇၅% (FCY) |
| Liquidity Ratio | ၂၀% အထက် | ၄၄.၁၇% |
| Capital Adequacy – Tier I | အနိမ့်ဆုံး ၄% | ၈.၉၉% |
| Capital Adequacy – Total | အနိမ့်ဆုံး ၈% | ၁၀.၂၄% |

## အနာဂတ်မျှော်မှန်းချက်

ယခုလက်ရှိကာလတွင် လုပ်ငန်းအနေအထားသည် New Normal ပုံစံသို့ ဦးတည်နေပြီး အများပြည်သူ၏ ယုံကြည်မှုကိုလည်း တဖြည်းဖြည်း ပြန်လည်ရရှိလာနေပါသည်။ MCB ဘဏ်၏ ပိုမိုမြင့်မားသော ငွေဖြစ်လွယ်မှုနှင့် မတည်ရင်းငွေလုံလောက်မှုတို့ကို စီးပွားရေးလုပ်ငန်းတွင် တဖြည်းဖြည်း အသုံးချလာပြီး ဘဏ်ရှိဝန်ထမ်းများ၊ လုပ်ငန်းစဉ်များနှင့် စနစ်တို့ တိုးတက်လာနေပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် MCB ဘဏ်သည် နောင်လာမည့်နေ့ရက်များတွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရန် အလားအလာအကောင်းဆုံး အခြေအနေကို ပိုင်ဆိုင်ထားပါသည်။

မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# Management Discussion and Analysis

# on financial conditions and results of operation

# for the year ended 31-March-2023

## MANAGEMENT DISCUSSION AND ANALYSIS (MD & A)

The following Management Discussion and Analysis on the financial conditions and results of operation of Myanmar Citizens Bank Public Co.,Ltd should be read in conjunction with the audited financial statements for FY 2022-2023. Financial statements were prepared in accordance with Myanmar Financial Reporting Standards (MFRS). All the amounts in this MD&A are expressed in Myanmar Kyats.

Due to the change in financial year period from September year end to March year end, this management discussion and analysis is presented on the comparison between the six months period (October 2021 to March 2022) and the twelve months (April 2022 to March 2023) for the year ended 31 March 2023. As a result, the comparative figures presented in Statements of Profit or Loss and Statement of Financial Position are not comparable.

## CORPORATE INFORMATION

Myanmar Citizens Bank Public Co.,Ltd was incorporated as a public company limited by shares, as per notification no. 21/91 of the Ministry of Commerce (Ministry of Trade) dated 30th September 1991 and under the Special Company Act 1950 and registered under the Myanmar Companies Act 1914 on 30 October 1991. With the company registration number 149169466 MCB is a licensed commercial bank and listed on 26 August 2016 at YSX Authorized capital of 75 Billion Kyats and paid-up capital is 52 Billion Kyats and registered office at No.383, Mahar Bandoola Road, Kyauktada Township, Yangon Region, Myanmar.

Myanmar Citizens Bank Public Co.,Ltd

Summarized Statement of Profit or Loss

MMK In Millions

| Details | For the period ended | | Increase/(Decrease) | |
|---|---|---|---|---|
| | 31-03-2023 (One Year) (Audited) | 31-3-2022 (Six Months) (Audited) | Amount | % |
| Interest Income | 43,630.49 | 22,887.85 | 20,742.64 | 91% |
| Interest Expense | (29,099.35) | (13,079.51) | 16,019.84 | 122% |
| **Net Interest Income** | **14,531.14** | **9,808.34** | **4,722.80** | **48%** |
| Other Operating Income | 1,494.63 | 2,552.25 | (1,057.62) | -41% |
| **Total Operating Income** | **16,025.77** | **12,360.59** | **3,665.18** | **30%** |
| **Total Operating Expense** | **(15,301.58)** | **(6,018.85)** | **9,282.73** | **154%** |
| **Profit before Income Tax** | **724.19** | **6,341.74** | **(5,617.55)** | **-89%** |
| **Profit after Income Tax** | **1,451.63** | **5,065.42** | **(3,613.79)** | **-71%** |

Myanmar Citizens Bank Public Co.,Ltd

Summarized Statement of Financial Position

MMK In Millions

| Assets | Balance Sheet as at | | Increase/ (Decrease) | |
|---|---|---|---|---|
| | 31-03-2023 (Audited) | 31-3-2022 (Audited) | Amount | % |
| Cash in Hand & at Bank | 112,129.92 | 131,745.36 | (19,615.44) | -15% |
| Loans & Advances | 363,958.94 | 215,373.79 | 148,585.15 | 69% |
| Investment | 133,998.84 | 234,831.13 | (100,832.29) | -43% |
| Property & Equipment | 17,455.89 | 16,716.80 | 739.09 | 4% |
| Intangible Assets | 4,003.98 | 3,951.78 | 52.20 | 1% |
| Other Assets | 20,306.80 | 23,032.13 | (2,725.33) | -12% |
| **Total Assets** | **651,854.37** | **625,650.99** | **26,203.38** | **4%** |
| | | | | |
| **Liabilities** | | | | |
| Deposit from Customer | 524,804.24 | 494,617.78 | 30,186.46 | 6% |
| Other Liabilities | 24,768.31 | 25,662.47 | (894.16) | -3% |
| Borrowings | 29,774.85 | 34,315.40 | (4540.55) | -13% |
| **Total Liabilities** | **579,347.40** | **554,595.65** | **24,751.75** | **4%** |
| **Equity** | | | | |
| Share Capital | 57,124.66 | 57,124.66 | 0.00 | 0% |
| Reserves | 14,906.81 | 14,543.90 | 362.91 | 2% |
| Retained earnings | 475.50 | (613.22) | 1,088.72 | 178% |
| **Total Equity** | **72,506.97** | **71,055.34** | **1,451.63** | **2%** |
| **Total Liabilities & Equity** | **651,854.37** | **625,650.99** | **26,203.38** | **4%** |

## BUSINESS PERFORMANCE AND GROWTH

Majority of the review period covers the time zone, when public had partially lost their confidence on banking system because depositors were deprived to withdraw their deposit amount from Banks. Also, the Bank had to focus maintaining sufficient liquidity and consolidation of the loan portfolio. On account of difficult business environment as well as increasing expenses, profitability of the bank is decreased compared to previous period. However, loans and deposits figures increased during the review period compared to previous period in line with MCB's strategy to grow business size.

The bank had embarked on a transformation journey to become one of the leading banks in the country with investment in our people, products, processes, infrastructure and systems. This transformation brought in additional investments and expenditure which was unavoidable, but the initial results expected over the coming two years.

Net Interest Margin- Interest income is increased by 91% and interest expense is significantly increased by 122% in comparison to the previous six months the last financial year. Net interest income is increased by 48% with higher interest expenses growth and interests income growth. The increase in interest income is mainly due to recovering of non-performing loans and new loans. Interest expense are significantly increased due to increase of cost of funds, increasing of deposit base and higher interest-bearing deposit (Term deposit).

Fees and Commission Income - Other Operating income is decreased by 41% in the period of FY 2022-2023 compared to the previous six months financial year. The decrease is mainly due to the revaluation loss for exchange rate changes.

Operating Expenses - The operating expense is increased because of general inflation, increase of number of branches, hiring of new management and other HR related expenses.

Business Size - The size of bank increased by 4% in terms of balance sheet compared with the previous period. Cash in hand & at bank decreased by 15%, Loans & advances increased by 69%, treasury investments decreased by 43% and total deposits increased by 6% respectively. Profit in FY 2022-2023 has increased reserve and resulted positive retained earnings.

Regulatory Compliance

We are fully aware that our responsibility as a bank, entrusted with the fiduciary duty of accepting and deploying public funds in a safe manner. We undertake to leverage such funds in a prudent manner by creating loans and advances which is essential for the development of the country. As a bank we consider earning the trust of our customers a vital component for sustainable business and one key aspect with earning trust is to be a bank which is fully compliant with regulations and laws of the country. The bank is proud to state that we are in full compliance with the regulations and directives stipulated by Central Bank of Myanmar (CBM).

The bank was able to maintain sufficient buffers over the minimum standards stipulated by CBM, which demonstrates a bank which is profitable, liquid, solvent and sufficiently capitalized and have a leeway to grow in the future.

| Statutory Ratio | Required | MCB ratio as at 31st March 2023 |
|---|---|---|
| Reserve Ratio | Minimum 3% (MMK)<br>Minimum 5% (FCY) | 6.96% (MMK)<br>23.75% (FCY) |
| Liquidity Ratio | Above 20% | 44.17% |
| Capital Adequacy- Tier I | Minimum 4% | 8.99% |
| Capital Adequacy- Total | Minimum 8% | 10.24% |

Future outlook:

Now the business environment is heading towards new normal and public confidence is gradually restored. Higher liquidity and capital buffer of the Bank is gradually utilized in business and also developing people process and system in the Bank. In summary, MCB has high potential to grow business in coming days.